## (၃) **ပင်စည်ပုပ်၊ သီးပုပ်ရောဂါ (Stem rot/ Fruit rot)**

ရောဂါဖြစ်စေသောသက်ရှိ- *Phytophthora capsici* Leonian

ရောဂါလက္ခဏာများ

အပင်ငယ်စဉ်တွင် ရောဂါကျရောက်ပါက မြေပြင်နှင့် ထိစပ်နေသောပင်စည် တွင် အနာကွက် ဖြစ်ပေါ်ကာ မှိုမျှင်များတစ်ပတ်ရစ်သွားပြီး ပင်စည် အားနည်းလာကာ နောက်ဆုံးကျိုးကျ သွားသည်။ အပင်ကြီး၏ ပင်စည်နှင့်အကိုင်းများတွင် ပုံမမှန်သော ညိုမဲရောင်အကွက်များ တွေ့ရပြီး နောက်ပိုင်းတွင် ခြောက်၍ သေသွားသည်။ အသီးတွင် ရောဂါကျရောက်ပါက အသီးတစ်ခုလုံးရှုံ့တွပြီး ခြောက်သွား သည်။





## **ကာကွယ်နှိမ်နင်းနည်းများ**

- စိုက်ခင်းအားရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ပျိုးပင်များအား ပင်လုံးပြန့် အာနိသင်ရှိသော Azoxystrobin (အဇိုဆီစထရိုဘင်)၊ Metalaxyl (မီတယ်လဆီ) မှိုသတ်ဆေးဖျော်ရည်တွင် ခဏနှစ်ပြီး မှစိုက်ပျိုးပါ။

- ရောဂါစတင်ကျပါက Azoxystrobin (အဇိုဆီစထရိုဘင်)၊ Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊ Captan (ကက်ပ်တန်)၊ Propamocarb Hydrochloride (ပရိုပါမိုကပ်ဟိုက်ဒရိုကလိုရိုဒ်) ဆေးများကို တစ်ပင်လုံး ရွှဲရွှဲ ဖျန်း ပေးပါ။